

# ငါသည်သာအရှင်သခင်

စာစဉ် - ၄၃

ဘာသာပြန် စာရေးဆရာ – Silence

စာစဉ် (၄၃)

အခန်း (၆၃၁)

*

ထန်လုံဖေး သည် ရွှေလူသားများ ၏ ဖိတ်ခေါ်ခြင်း မခံခဲ့ရပေ။ သို့သော် ရှောင်ချန်းယူ က နောက်လှည့်ပြီး သူ့ကို လှမ်းခေါ်သည့် အခါ လိုက်သွားခဲ့သည်။ အီဒိုလီ က ထိုအကြောင်း စကားတစ်ခွန်းမှ မဟုသဖြင့် ကျန် ရွှေလူသားများ သည်လဲ တိတ်တိတ် နေခဲ့ လေသည်။ ဤသို့ဖြင့် လူသား နှစ်ယောက် နှင့် ရွှေလူသား မင်းသား အဖွဲ့ သည် ရွှေလူသား များ၏ နယ်မြေ အတွင်း ဝင်ရောက်သွား လေသည်။

ရွှေလူသားများ၏ နေထိုင်ရာ နေရာများ သည် လူသား နယ်မြေ နှင့် ဆန့်ကျင်ဘက် တစ်နေရာ တွင် တည်ထောင် ထားခြင်း ဖြစ်သည်။ ထို နေရာတွင် ရွှေကျောက်များ ဖြင့် ဆောက်လုပ်ထားသော ရောမ

အဆောက်အဦး ကြီးများက နယ်မြေ ကို အရောင် တဝင်းဝင်း ဖြင့် ဖော်ပြနေသည်။ ဗိသုကာ လက်ရာ က အကြွမ်းထည် ဆန်သော်လည်း မတူညီသော ယဉ်ကျေးမှု တစ်ခု ၏ ထူးခြားသည့် အရသာ ကို ဖော်ဆောင်နေသည်။

ရွှေလူသား ဦးရေ များစွာ က ထိုနေရာ တွင် အခြေချ နေထိုင် ကြသည်။ သူတို့သည် လူသား နှင့် အကုန်နီးပါး တူပြီး လိင်အမျိုးအစား ကို ဆုံးဖြတ်ရ လွယ်ကူသည်။ လူသား နှင့် ရွှေလူသား တို့ကြားတွင် အရေပြား အရောင် အသွေး နှင့် အရပ်သာ ကွာခြားမှု ရှိသည်။

ရွှေလူသားတိုင်း တူညီစွာ ဝတ်ဆင် ထားသော အရာ တစ်ခု ရှိသည်။ ယင်းမှာ ရွှေရောင် တိုက်ခိုက်ရေး ချပ်ဝတ်တန်ဆာ ဖြစ်လေသည်။ အဘယ်ကြောင့် ဆိုသော် မွေးလာကတည်း က ထိုချပ်ဝတ်တန်ဆာ ဝတ်ဆင်လျက် မွေးဖွားလာခြင်း ကြောင့် ဖြစ်သည်။ ထိုချပ်ဝတ်တန်ဆာ တွင် လုပ်ဆောင်ချက် နှစ်မျိုး ပါရှိသည်။ ခုခံရေး ပစ္စည်း တစ်ခုသာ မကဘဲ စိတ်ကူး၍ပင် မရနိုင်သည့် စွမ်းအင်များ ပါရှိ လေသည်။

လက်နက် တပ်ဆင်မှု ကတော့ ကွဲပြားသော အမျိုးအစား များစွာ ပါရှိသည်။ သို့သော် ထိုလက်နက် အားလုံး ကို ရွှေသံမဏိ ကျောက် ဖြင့်သာ သွန်းလုပ်ထားခြင်း ဖြစ်သည်။ ရွှေလူသား များသည် ရှောင်ချန်းယူ နှင့် ထန်လုံဖေး ကို တွေ့ကြသည့် အခါ မနှစ်မြို့သည့် အမူအရာများ ပြသကြသည်။

ရွှေလူသား များနှင့် နဂါး ဖီးနစ် ကျောင်းတော် တို့ အကြားတွင် တိုက်ပွဲကြီးမားစွာ မရှိသော်လည်း နှစ်ဖက်လုံးတွင် ရန်ငြိုး ကိုယ်စီ ရှိကြလေသည်။ ထို့အပြင် ကျောင်းတော်က ရွှေလူသား များ၏ မူလ ပိုင်မြေ မှ ကြီးမားသော နေရာ ကို သိမ်းပိုက် ထားသည်။ ထို့ကြောင့် လူသားများ အပေါ်တွင် ရွှေလူသားများက အမြင်ကောင်း မရှိကြပါ။

ရှောင်ချန်းယူ နှင့် ထန်လုံဖေး သာ သူတို့ဘာသာ သူတို့ ဝင်ရောက်လာလျှင် ရွှေလူသားများ က အသေသတ်လိုက်ပြီ ဖြစ်သည်။ ယခု ခေါ်ဆောင်လာသူ က မင်းသား အီဒိုလီ ဖြစ်သဖြင့် သာ ဒုက္ခ မကြုံတွေ့ ရခြင်း ဖြစ်သည်။

အီဒိုလီ က ရှောင်ချန်းယူ နှင့် ထန်လုံဖေး ကို ရွှေကျောက်ဖြင့် တည်ဆောက် ထားသော ဧရာမ အဆောက်အအုံ တစ်ခုထံ သို့ တန်းခေါ်လာသည်။ အဆောက်အအုံ က မျက်စိကျိန်း လောက်သည် အထိ တောက်ပနေပြီး နံရံပေါ် တွင် ထူးဆန်းသော သင်္ကေတများ ထွင်းထားသည်။ ရွှေပုလဲများက အဆောက်အအုံ ၏ အလင်းရောင် အရင်းအမြစ် ဖြစ်သည်။ ဝင်ပေါက် ကို မျက်နှာ မူထားသော ဧရာမ ကျောက်စိမ်း ကုလားထိုင် တစ်လုံး ကိုပါ တွေ့ရှိ ရသည်။ အဆောက်အအုံ တစ်ခုလုံး သည် အကြမ်းထည်ဆန် သော်လည်း စည်းစိမ် ရှိလွန်း လှသည်။

"ဒါက ကျုပ်ရဲ့ တော်ဝင် စံအိမ်ပဲ… ထိုင်ကြပါ"

အီဒိုလီက ပြောလိုက်ပြီး ကျောက်စိမ်း ထိုင်ခုံတွင် ထိုင်ချ လိုက်သည်။ ထို့နောက်  အစေခံများကို ဧည့်သည့်များ အတွက် အသီး အချို့ ဧည့်ခံစေလိုက်သည်။

သူတို့ ဧည့်ခံသည့် အသီး များကပင် ရွှေရောင် ဝင်းလက် နေသည်။ အသီး တစ်လုံးချင်း စီသည် ဖရဲသီး တစ်လုံး ၏ အရွယ်အစား ဖြစ်ပြီး သာမန် အသီး မဟုတ်မှန်း သိသာသည့် ဆွဲမက်ဖွယ် ကောင်းသည့် အနံ့ တစ်မျိုး သင်းပျံ့နေသည်။ ထိုအသီး များသည် ဘုရင် အဆင့် ဆေး အမျိုးအစား ဖြစ်သည့် မူလရွှေ သစ်သီးများ ဖြစ်ကြသည်။

ထန်လုံဖေး နှင့် ရှောင်ချန်းယူ တို့ အတွက် ထိုအသီး များသည် ခွန်အား တိုးတက်စေရာ တွင် အံ့ဖွယ် ကောင်းလောက်ပေသည့် ပစ္စည်းများ ဖြစ်ကြ

သည်။ ထိုအသီး များကို ထန်လုံဖေး ပြင်သည့် အခါ သွားရည်များ စကျ လာတော့သည်။ သို့သော် ရှောင်ချန်းယူ က မယူသေးသည့် အတွက် သူက အရင် စတင် စားသောက်ရန် ကသိကအောက် ဖြစ်လှ ပေသည်။

အီဒိုလီက

"စားကြပါ... ကိုယ့်အိမ်ကိုယ်ယာ လိုပဲ သက်တောင့်သက်သာ နေကြပါ"

ထိုဖိတ်ခေါ်မှု ကြောင့် ရှောင်ချန်းယူ က အသီး တစ်လုံး ကို ယူလိုက်ပြီး အကိုက် ကြီးကြီး တစ်ကိုက် ကိုက်ချ လိုက်သည်။ ထန်လုံဖေး သည်လဲ အတူတူ ပြုမူ လိုက်သည်။ ရွှေလူသား တစ်ယောက် နှင့် ဆက်ဆံသည့် အခါ တွန့်ဆုတ်ပြီး လန့်ဖျတ်နေ ရမည့် အစား စိတ်ရင်း မှန်ကန်ပြီး တည့်တိုးဆန်သင့်သည်။ တွန့်ဆုတ်ပြီး လန့်ဖျတ်နေလျှင် တစ်ဖက်သား ကို မလေးစားရာ ရောက်လိမ့်မည်။ ထို အရာ များကို ရှောင်ချန်းယူ က နားလည် ထားသည်။

ထိုအကြောင်းအရာ များကို မှတ်တမ်း ခန်းမဆောင် ၌ စာအုပ်များ ကို ဖတ်ရှုရင်း သိလာ ရခြင်း ဖြစ်သည်။ ကျင့်ကြံသူများ အတွက် ဗဟုသုတ များလွန်းခြင်း ဆိုတာ မရှိပေ။ တိုက်နည်းများ နှင့် ကျင့်စဉ်များ မရေးသားထားသည့် စာပေများ ကိုလည်း အထင်မသေး သင့်ပေ။ ထိုစာပေများက သင့်ကို အခြားလူများ မသိသည့် အကြောင်းအရာ များကို သင်ကြားပေးနိုင်သည်။ အီဒိုလီသည် ရှောင်ချန်းယူ ၏ တည့်တိုးဆန်သော အပြုအမူ ကို မြင်သည့် အခါ ဝမ်းသာအားရ ရယ်မောလေသည်။

အသီးကို စားသုံးပြီးသည့် အခါ သန့်စင်မှု အား မြင့်သည့် စွမ်းအား တစ်မျိုး က သူ၏ ကိုယ်ထဲတွင် စီးဆင်း နေကြောင်း ခံစားလိုက် ရသည်။ ထိုစွမ်းအား က သူ၏ ရွှေစွမ်းအား ကြယ် အတွင်း ဝင်ရောက်ပြီး စွမ်းအားများ လျှံကျလု မတတ် ဖြစ်စေသည်။ သူ၏ ရွှေစွမ်းအား ကြယ်သည် စွမ်းအား ထပ်မံ မထည့်နိုင်တော့ သဖြင့် ကျန်ရှိနေ သေးသော စွမ်းအားများကို ကြယ်

အာကာသ ပင်လယ် အတွင်း စီးဆင်း စေလိုက်သည်။

သူ၏ ကျင့်ကြံ အခြေ က တိုးတက်လာရုံ သာမကဘဲ သူ၏ အသွေးအသား များကပါ အတိုင်းအတာ တစ်ခု အထိ တိုးတက် လာကြောင်း ခံစားမိ လိုက်သည်။ မူလရွှေ သစ်သီး များသည် ဘုရင် အဆင့်သာ ရှိနေခြင်း က နှမြော စရာပင်။ အကယ်၍ အင်ပါယာ အဆင့်သာ ဖြစ်ခဲ့လျှင် ယခုထက် ပဥ္စလက် ဆန်သော သက်ရောက်မှုမျိုး ရှိနိုင်သည်။

စားသောက်ခြင်း ပြီးစီးသည့် အခါ ရှောင်ချန်းယူက ပြောလိုက်သည်။

"အစားအသောက် အတွက် ကျေးဇူးပါ မင်းသား အီဒိုလီ... အခုက စပြီး မင်းသား က ကျုပ်ရဲ့ မိတ်ဆွေ ဖြစ်သွားပါပြီ... ကျုပ်တို့ လူသား တွေက လက်ဆောင် အပြန်အလှန် ပေးဖို့ အရေးထား ပါတယ်... မင်းသားက မူလ ရွှေ သစ်သီး ကို လက်ဆောင် ပေးတော့ ကျုပ်က ရွှေကြာ တစ်ပွင့် ပြန် လက်ဆောင် ပေးပါ့မယ်"

ထို့နောက် ရှောင်ချန်းယူက ရွှေကြာ တစ်ပွင့် ကို ထုတ်ကာ ပေးလိုက်သည်။ အီဒိုလီ ၏ မျက်ဝန်း များက ရွှေကြာကို မြင်သည့် အခါ အရောင် လက် ခနဲ ဖြစ်သွားသည်။ ရွှေလူသား များသည် ဤ သီးသန့် နယ်မြေ ၏ အပြင် သို့ ထွက်ရန် အခွင့်အရေး မရှိသလောက် ဖြစ်သည်။ ထို့ကြောင့် ပြင်ပ လောကမှ ပစ္စည်း များကို ရရန် အလွန့်အလွန် ခက်ခဲလှ ပေသည်။ ဤ ရွှေကြာသည် သူတို့၏ သဘာဝ နှင့် အလွန် လိုက်ဖက်သဖြင့် သူတို့ အလွန် လိုချင်ကြသည့် ပစ္စည်း တစ်မျိုး ဖြစ်သည်။

"ကယ်တင်ရှင်... ဒီ ပစ္စည်း က ကျုပ်ပေးတဲ့ ပစ္စည်း ထက် အများကြီး တန်ဖိုးကြီး နေတယ်"

အီဒိုလီ က စိတ်လှုပ်ရှားစွာ ပြောလာသည်။

"လက်ဆောင် ပေးရာမှာ တန်ဖိုးက အဓိက မကျဘူး... စိတ်စေတနာက အဓိကပါ... မင်းသား က ကျုပ်တို့ကို ဒီနေရာ ကိုတောင် ဖိတ်ခေါ်ခဲ့တော့ မင်းသား က ကျုပ်တို့ကို အများကြီး အလေးထား ခဲ့ပြီးသားပါ"

အီဒိုလီက မတ်တပ် ထရပ် လိုက်ပြီး လေးနက်စွာ ပြောကြား လိုက်သည်။

"ပြောတာ ကောင်းတယ်... ကယ်တင်ရှင် အခုကစပြီး မင်းက ရွှေလူသား မျိုးနွယ် ရဲ့ လေးစားခံထိုက် ဧည့်သည်ပဲ"

ရှောင်ချန်းယူ ၏ ရက်ရောမှုက ထိုမင်းသား ၏ လေးစားမှု ကို သိမ်းပိုက် နိုင် ခဲ့သည်။

ထိုအခါ ရှောင်ချန်းယူ က ပြုံးလိုက်ပြီး

"ဂုဏ်ယူ ရပါတယ်... မင်းသား စိတ်မရှိရင် ကျုပ်ကို ကယ်တင်ရှင်လို့ ဆက်မခေါ် ပါနဲ့တော့... အရမ်း ကို ယဉ်ကျေးလွန်း နေပါပြီ... ရှောင်ချန်း ယူ လို့ ခေါ်နိုင် ပါတယ်"

"ဟားဟား... ဟုတ်ပြီ... ဟုတ်ပြီ... ဒီလို ဆိုတော့လဲ ယဉ်ကျေး မနေ တော့ ပါဘူး... မင်းတို့ လျှောက်ပတ် ကြည့်ရအောင် စီစဉ် ပေးမယ်... ကျုပ် ကတော့ ဒဏ်ရာတွေ ထပ်ကုသဖို့ လိုနေသေးတယ်... ညကျရင် ဧည့်ခံပွဲ ကျင်းပပေး ပါ့မယ်"

ထို့နောက် အိဒိုလီသည် အမျိုးသမီး အစေခံ တစ်ဦး ကို ခေါ်ကာ ရှောင်ချ န်းယူ နှင့် ထန်လုံဖေး ကို နယ်မြေ အတွင်း လှည့်ပတ် ပြသရန် ခိုင်းစေ လိုက်သည်။

ထန်လုံဖေး က တီးတိုး ပြောလိုက်သည်။

"ချန်းယူ... ပေါ်ပေါ်ထင်ထင် လှည့်ပတ် သွားလာရမှာ အန္တရာယ် မများ ဘူးလား"

"မပူပါနဲ့… အစ်ကို လိုချင်တာ တစ်ခုခု ရှိမလား အာရုံစိုက် ကြည့်ရှုထား… ရှိလာရင် ရွှေလုပ်သား တွေနဲ့ ကုန်ဖလှယ် ဖို့ လုပ်လို့ ရတယ်… အစ်ကို ပျော်ရွှင် စိတ်လှုပ်ရှား ရမှာပါ"

ရွှေလူသားများ နယ်မြေ တွင် ကုန်ပစ္စည်း များ ဖလှယ်ရာ နေရာ များစွာ ရှိလေသည်။ ဈေးဆိုင်များ နှင့် ဈေးတန်းများက အလွန် ရိုးစင်းလှသော်လည်း အရည်အသွေး မြင့်မားသော ရွှေဒြပ်စင် ပစ္စည်းများ ရောင်းချသည်။ ရွှေစွမ်းအား ကျင့်ကြံသူ ဖြစ်သော ထန်လုံဖေး ၏ မျက်ဝန်း များက အရောင် တဝင်းဝင်း လင်းလက် နေတော့သည်။

"ရွှေငှက်ပျောရွက်… ရွှေယပ်တောင် လုပ်ဖို့ ကောင်းတဲ့ ပစ္စည်းပဲ"

"ဟာ… ဒီ ရွှေသံမဏိ ကျောက်က အရည်အသွေး အရမ်းကောင်းတယ်… အရွယ်အစား ကိုလဲ ကြည့်ပါဦး… လက်နက် ဆယ်လက် လောက် အသာလေး လုပ်လို့ ရတယ်"

"ဝိုး… ဒီ မူလရွှေ သစ်သီး က အင်ပါယာ အရည်အသွေး ပါလား… အရွယ်အစား ကလည်း အကြီးကြီးပဲ"

……………………

ထန်လုံဖေး သည် ရွှေဗိမာန် တစ်ခုထံ ရောက်ရှိ နေသလို ခံစားလိုက် ရသည်။ မြင်သမျှ အရာ တိုင်းက သူ့အတွက် အကျိုး ရှိသည့် အရာများ ဖြစ်နေသဖြင့် အရာ အားလုံး အပိုင်သိမ်းလိုက် လိုစိတ် ဖြစ်ပေါ်လာသည်။

သူတို့ကို လမ်းပြ ပေးသူ က

"အဆွေတော်တို့ စိတ်ဝင်စား ရင် တန်ဖိုး တူညီတဲ့ ပစ္စည်း နဲ့ လဲလှယ် နိုင်ပါတယ်… ကျွန်မတို့ မျိုးနွယ်က ရှင်တို့ လူသား မျိုးနွယ် က ရှားပါးတဲ့ ပစ္စည်း အချို့ ကို လိုအပ်တယ်… ကျွန်မတို့ မျိုးနွယ် က လိုအပ်တဲ့ ပစ္စည်း

တစ်ခုခု ရှင်တို့မှာ ရှိရင် ကုန်ဖလှယ်ခြင်း က လွယ်ကူမှာပါ"

"နားလည်ပါပြီ... ဒါဆို ငါ့မှာ ရှိတဲ့ ပစ္စည်း တွေထဲကို တစ်ချက် ကြည့် ကြည့် ဦးမယ်"

ထန်လုံဖေးက ပြောလိုက်ပြီး သူ၏ သိုလှောင် လက်စွပ် အတွင်း လှန်လှော ကြည့်နေချိန်တွင် ရှောင်ချန်းယူ က ရွှေရောင် အရည် တစ်မျိုး ပါသော ပုလင်း တစ်လုံး ကို ထုတ်လိုက်ပြီး

"ဒီရွှေကြယ်ရေ ကို စိတ်ဝင်စားလား"

သူ၏ စကားသံ ထွက်လာသည် နှင့် သူ့အပေါ်သို့ အကြည့်များစွာ ဆိုက်ရောက် လာကာ နေရထိုင်ရ ခက်သည် အထိ ဖြစ်ခဲ့သည်။

***